ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၁၈) ၂၀၂၄ ခုနှစ် မေလ ၁၀ ရက်

## မာတိကာစဉ်


| | | |
|---|---|---|
| ၁။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော အမိန့်ကြော်ငြာစာအသစ်များအကြောင်း သိကောင်းစရာ ။ | ၂-၄ |
| ၂။ | ဝေးလံခေါင်သီ၍လူမှုရေးခက်ခဲသောဒေသများပြင်ဆင်သတ်မှတ်ခြင်းသတင်းစဉ်။ | ၅ |
| ၃။ | တရုတ်နိုင်ငံသားများထံ မြေယာရောင်းချခြင်းမှ ကန့်သတ်ခြင်းနှင့်စပ်လျဉ်းသည့် ဥပဒေမူကြမ်းကို လက်မှတ်ရေးထိုးအတည်ပြုလိုက်သည့် ဂျော်ဂျီယာပြည်နယ် အစိုးရ။ | ၆-၇ |
| ၄။ | ၂၀၂၄ -၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု၏ဘဏ္ဍာငွေ အရ အသုံးဆိုင်ရာဥပဒေ အရ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၏ရငွေများနှင့် သုံးငွေများ ဆိုင်ရာ ပြဋ္ဌာန်းချက်များ။ | ၈-၁၀ |
| ၅။ | မြန်မာ - ထိုင်း နယ်စပ်ကုန်သွယ်ရေး (ရန်ကုန် - ကော့သောင်း - ရနောင်း) နှင့် (ရနောင်း - ကော့သောင်း - ရန်ကုန်)ကို ကမ်းရိုးတန်းဆိပ်ကမ်းမှ ကွန်တိန်နာစနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုခြင်းနှင့်စပ်လျဉ်း၍ သိကောင်းစရာ။ | ၁၁-၁၃ |
| ၆။ | လူပုဂ္ဂိုလ်ဆိုင်ရာသတင်းအချက်အလက်များကာကွယ်ပေးရေးအတွက် ဥပဒေမူဘောင်နှင့်စပ်လျဉ်း၍ ဗီယက်နမ်နိုင်ငံ၏ ကနဦးလှုပ်ရှားမှု။ | ၁၄-၁၆ |

## မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော အမိန့်ကြော်ငြာစာအသစ်များအကြောင်း သိကောင်းစရာ

ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုများပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင် ယခုသီတင်းပတ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ထုတ်ပြန်သည့်အမျိုးသားစီမံကိန်းကော်မရှင်ပြင်ဆင်ဖွဲ့စည်းခြင်း အမိန့်ကြော်ငြာစာ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့်အမိန့်ကြော်ငြာစာအမှတ် ၄၄/၂၀၁၉ ပြင်ဆင်သည့်အမိန့်ကြော်ငြာစာ၊ ညဏ်ပူဇော်ခနှုန်းထားများသတ်မှတ်ခြင်းအမိန့်ကြော်ငြာစာ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှထုတ်ပြန်သည့်မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၏နာယကအဖွဲ့ ဖွဲ့စည်းခြင်း အမိန့်ကြော်ငြာစာ၊ မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့မှ အမိန့်ကြော်ငြာစာအမှတ် ၅၂၄/၂၀၂၁ အရ ထိန်းချုပ်အစားအသောက်ဖြစ်သည့် အမှတ်တံဆိပ်ပါဘူးသွင်းသောက်ရေသန့်ဖြစ်စေ၊ အမှတ်တံဆိပ်ပါစားသုံးဆီဖြစ်စေ ထုတ်လုပ်သူလိုက်နာရန်အမိန့်တို့ကို အများပြည်သူများ လွယ်လင့်တကူ ကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှုပေးထားသည်။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများတွင် ဖွင့်လှစ်လျက်ရှိသည့် သင်တန်းများ၌ သင်တန်းပို့ချပေးသည့် သင်တန်းနည်းပြများအတွက် ညဏ်ပူဇော်ခနှုန်းထားများ သတ်မှတ်ခြင်းအမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၂၄)ကို၁၆-၂-၂၀၂၄ရက်နေ့၌ထုတ်ပြန်ခဲ့ပြီး ဤအမိန့်ကြော်ငြာစာသည် ၂၀၂၄ ခုနှစ်၊ မတ်လ ၁ ရက်နေ့၌ စတင်အကျိုးသက်ရောက်စေရမည်ဖြစ်သည်ကို တွေ့ရှိရပါသည်။

ပြင်ပပညာရှင်နည်းပြများအတွက် ညဏ်ပူဇော်ခနှုန်းထားများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးအဆင့်၊ ဒုတိယဝန်ကြီးအဆင့်တို့ဖြင့် အငြိမ်းစားယူထားသည့် ပုဂ္ဂိုလ်များ၊ နိုင်ငံတော်အဆင့်အသိအမှတ်ပြုထားသည့် ကျွမ်းကျင်ပညာရှင်များအတွက် တစ်ရက်နှုန်းထားသည် ၅၀၀၀၀ ကျပ်၊ ညွှန်ကြားရေးမှူးချုပ်အဆင့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်အဆင့်တို့ဖြင့် အငြိမ်းစားယူထားသည့်

ဘာသာရပ်ဆိုင်ရာပညာရှင်များ၊ အလားတူအဆင့်များရှိသည့် လုပ်ငန်းနယ်ပယ်အလိုက် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ ဝါရင့်ပညာရှင်ကြီးများအတွက် ၂၅၀၀၀ ကျပ်၊ ညွှန်ကြားရေးမှူးအဆင့်၊ ဒုတိယညွှန်ကြားရေးမှူးအဆင့်တို့ဖြင့် အငြိမ်းစားယူထားသည့် ဘာသာရပ်ဆိုင်ရာပညာရှင်များအတွက် ၁၅၀၀၀ ကျပ်၊ လက်ထောက်ညွှန်ကြားရေးမှူးအဆင့်၊ ဦးစီးအရာရှိအဆင့်တို့ဖြင့် အငြိမ်းစားယူထားသည့်ဘာသာရပ်ဆိုင်ရာပညာရှင်များ၊လုပ်ငန်းနှင့်ဆက်စပ်သည့် ပြင်ပအဖွဲ့အစည်းများမှကျွမ်းကျင်ပညာရှင်များအတွက် ၁၀၀၀၀ ကျပ်ဖြစ်ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

အခြားဌာနများမှ သင်တန်းနည်းပြများအတွက် အမြဲတမ်းအတွင်းဝန်၊ညွှန်ကြားရေးမှူးချုပ်အဆင့်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်အဆင့်နည်းပြများအတွက် တစ်ရက်နှုန်းထားသည် ၁၅၀၀၀ ကျပ်၊ ညွှန်ကြားရေးမှူးအဆင့်နှင့် ဒုတိယညွှန်ကြားရေးမှူးအဆင့်နည်းပြများ၊ လက်ထောက်ညွှန်ကြားရေးမှူးအဆင့်နှင့် ဦးစီးအရာရှိအဆင့်နည်းပြများ၊ အမှုထမ်းနည်းပြများအတွက် ၁၀၀၀၀ ကျပ်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

ဌာနတွင်းမှ သင်တန်းနည်းပြများအတွက် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်အဆင့်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်အဆင့်နည်းပြများ၊ ညွှန်ကြားရေးမှူးအဆင့်နှင့် ဒုတိယညွှန်ကြားရေးမှူးအဆင့်နည်းပြများ၊ လက်ထောက်ညွှန်ကြားရေးမှူးအဆင့်နှင့် ဦးစီးအရာရှိအဆင့် နည်းပြများ၊ အမှုထမ်းနည်းပြများအတွက် တစ်ရက်လျှင် ၁၀၀၀၀ ကျပ် ဖြစ်သည်ကိုတွေ့ရှိရပါသည်။

သက်မွေးပညာကျွမ်းကျင်သူသင်တန်းနည်းပြများအတွက် ဉာဏ်ပူဇော်ခနှုန်းထားများမှာ လုပ်ငန်းနယ်ပယ်အလိုက် သက်မွေးပညာကျွမ်းကျင်သူများ (လက်မှုပညာ၊ စက်မှုပညာ)အတွက် တစ်ရက်နှုန်းထား ကျပ် ၁၀၀၀၀ ဖြစ်ပြီး တစ်ဦးလျှင် တစ်ရက်အတွက် အနည်းဆုံးစာသင်ချိန်နှင့် အများဆုံးစာသင်ချိန်တို့ကို သက်ဆိုင်ရာဌာနမှ သတ်မှတ်ရန်ဖြစ်ပါသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနမှ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ လူငယ်သင်တန်းကျောင်းတို့တွင် ပြင်ပပညာရှင်များအဖြစ် ပုတ်ပြတ်လစာဖြင့် ခန့်ထားသည့်သင်တန်းနည်းပြများအတွက် ဉာဏ်ပူဇော်ခနှုန်းထားများသည် နယ်စပ်ရေးရာဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင်

ပါမောက္ခမှ နည်းပြအဆင့်တို့ဖြင့် အငြိမ်းစားယူထားသည့် ဘာသာရပ်ဆိုင်ရာသင်တန်းနည်းပြများ၊ အလားတူအဆင့်ရှိသည့် ပြင်ပမှဘာသာရပ်ဆိုင်ရာနည်းပြများအတွက် ၂၀၀၀၀၀ ကျပ်၊ လူငယ်သင်တန်းကျောင်းများတွင် Grade 11၊ Grade 12 တို့ရှိ အဆောင်နေကျောင်းသားများအား ကျူရှင်ဆရာအဖြစ်သင်ကြားပေးသည့် ပြင်ပမှဘာသာရပ်ဆိုင်ရာဆရာ၊ဆရာမများအတွက် ၁၅၀၀၀၀ ကျပ်၊ Grade 11၊ Grade 12 တို့ရှိ အဆောင်နေကျောင်းသားများအား ဘာသာရပ်အလိုက် အချိန်ပိုသင်ကြားပေးသည့် အခြေခံပညာကျောင်းများမှ ဆရာ၊ဆရာမများအတွက် ၁၀၀၀၀၀ ဖြစ်ကြောင်း သိရှိရပါသည်။

ပြင်ပပညာရှင်နည်းပြများ၊ အခြားဌာနများမှသင်တန်းနည်းပြများ၊ ဌာနတွင်းမှသင်တန်းနည်းပြများအတွက် တစ်ဦးလျှင် တစ်ရက်စာသင်ချိန် အနည်းဆုံး ၂ ချိန်မှ အများဆုံး ၄ ချိန်ထိ သတ်မှတ်ထားသည်ဟု သိရှိရပါသည်။

e - Government ဌာနခွဲ

ဝန်ကြီးရုံး

ဥပဒေရေးရာဝန်ကြီးဌာန

## ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသောဒေသများ ပြင်ဆင်သတ်မှတ်ခြင်း သတင်းစဉ်

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာအမှတ် ၂၆/၂၀၁၆ ဖြင့် ပြည်ထောင်စု အဆင့်စိစစ်ရေးကော်မတီက သတ်မှတ်ခဲ့သည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသောမြို့နှင့်ကျေးရွာအုပ်စုတို့အား ဒေသအုပ်စု(၃)အုပ်စုခွဲခြား၍ ဒေသစရိတ်ခံစားခွင့် နှုန်းထားများကို ပြင်ဆင်သတ်မှတ်ခံစားခွင့်ပြုခဲ့ပါသည်။ ယင်းအမိန့်ကြော်ငြာစာအမှတ် ၄၄/၂၀၁၉ ကို ပြင်ဆင်သည့် အမိန့်ကြော်ငြာစာအား ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့တွင် အမိန့်ကြော်ငြာစာ အမှတ် ၃၅/၂၀၂၄ ဖြင့် ထုတ်ပြန်ခဲ့ကြောင်း သိရှိရပါသည်။

ယင်းအမိန့်ကြော်ငြာစာအရ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၄၄/၂၀၁၉ ၏ ပူးတွဲ(၁) စဉ် ၆ (ဂ) ပါ ကျွန်းစုမြို့နယ်တွင် အမှတ်စဉ် ၁၅ ၏ နောက်၌ အမှတ်စဉ် ၁၆ အဖြစ် "သဲချောင်းကျေးရွာအုပ်စု" ကိုလည်းကောင်း၊ အမှတ်စဉ် ၁၇ အဖြစ် "တာလပိုင်းကျေးရွာအုပ်စု" ကိုလည်းကောင်း၊ အမှတ်စဉ် ၁၈ အဖြစ် "ဒုံးပလဲအော်ကျေးရွာအုပ်စု" ကို လည်းကောင်း ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသောဒေသများအဖြစ် ဖြည့်စွက် သတ်မှတ်လိုက်ကြောင်းနှင့် ယင်းကျေးရွာအုပ်စုတို့တွင် တာဝန်ထမ်းဆောင်နေသောနိုင်ငံ့ဝန်ထမ်းများ၏ ဒေသစရိတ်ခံစားခွင့်များကို ၂၀၂၄ ခုနှစ်၊ ဧပြီလအတွက် လစာမှစ၍ ခံစားခွင့်ရှိစေရမည်ဖြစ်ကြောင်း သိရှိရပါသည်။

နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ညွှန်ကြားချက်များ စိစစ်ရေးဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ်: စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

## တရုတ်နိုင်ငံသားများထံ မြေယာရောင်းချခြင်းမှကန့်သတ်ခြင်းနှင့်စပ်လျဉ်းသည့်ဥပဒေမူကြမ်းကို လက်မှတ်ရေးထိုးအတည်ပြုလိုက်သည့် ဂျော်ဂျီယာပြည်နယ်အစိုးရ

အမေရိကန်ပြည်ထောင်စု၏အရှေ့တောင်ပိုင်းရှိ ပြည်နယ်တစ်ခုဖြစ်သော ဂျော်ဂျီယာပြည်နယ်အစိုးရအကြီးအကဲ Brian Kemp သည် ၎င်း၏ပြည်နယ်အတွင်းရှိမြေယာများကို တရုတ်နိုင်ငံသားများက ဝယ်ယူခြင်းမှကန့်သတ်ထားသည့်ဥပဒေမူကြမ်းအား ယခုနှစ်ဧပြီလ ၃၀ ရက်နေ့တွင် လက်မှတ်ရေးထိုးအတည်ပြုခဲ့ကြောင်း သိရှိရပါသည်။

ယခုအတည်ပြုပြဋ္ဌာန်းလိုက်သည့်ဥပဒေသည် ဂျော်ဂျီယာပြည်နယ်ရှိ စိုက်ပျိုးမွေးမြူရေးမြေများနှင့် စစ်တပ်အဆောက်အအုံများအနီးရှိ စီးပွားရေးလုပ်ငန်းသုံးမြေယာများကို တရုတ်နိုင်ငံ၏ကိုယ်စားလှယ်များသာမက ကျူးဘား၊ အီရန်၊ မြောက်ကိုရီးယားနှင့် ရုရှားနိုင်ငံများမှ ကိုယ်စားလှယ်များကဝယ်ယူခြင်းကို တားမြစ်ထားသည့်ဥပဒေဖြစ်ကြောင်း သိရှိရပါသည်။ အဆိုပါဥပဒေသည် နိုင်ငံ၏ကိုယ်စားဆောင်ရွက်သည့်လူပုဂ္ဂိုလ်များအပြင် ယင်းနိုင်ငံများအတွင်းရှိ စီးပွားရေးလုပ်ငန်းစုများအပေါ်တွင်လည်း သက်ရောက်မှုရှိကြောင်း သိရှိရပါသည်။ သို့ရာတွင် လူနေထိုင်ရန်အဆောက်အဦများဝယ်ယူခြင်းနှင့် သက်ဆိုင်မှုမရှိကြောင်း သိရှိရပါသည်။ အလားတူဥပဒေကို အမေရိကန်ပြည်ထောင်စုရှိ ဖလောရီဒါ၊အလာဘာမား၊လူဝစ္စရားနားနှင့်အာကန်ဆက်အပါအဝင် အခြားပြည်နယ်အများစုတွင် လက်မှတ်ရေးထိုးပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း သိရှိရပါသည်။

ပြည်နယ်ဥပဒေပြုအဖွဲ့တွင်ပါရှိသည့် ဒီမိုကရက်ပါတီဝင်များက ယခုဥပဒေသည် ခွဲခြားဆက်ဆံမှုပြုသည့်ဥပဒေတစ်ရပ်ဖြစ်ကြောင်း ဝေဖန်ထောက်ပြခဲ့ကြသော်လည်း ရီပက်ဘလစ်ကန်အစိုးရကမူ ပြည်နယ်တောင်ပိုင်းရှိ ဗယ်ဒိုစတာမြို့တွင်ပြုလုပ်ခဲ့သည့် ဥပဒေမူကြမ်းလက်မှတ်ရေးထိုးသည့်အခမ်းအနား၌ ယင်းဥပဒေမှာ နိုင်ငံတော်လုံခြုံရေးဆိုင်ရာဆောင်ရွက်ချက်တစ်ရပ်သာဖြစ်ကြောင်း မဲဆွယ်ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

Brain Kemp သည် ယခုဥပဒေအတည်ပြုသည့်နေ့၌ အသက်(၂၁)အောက် လူငယ်များကို ဆေးခြောက်ရောင်းချခြင်းမှ ကန့်သတ်ခြင်းနှင့်သက်ဆိုင်သည့် ဥပဒေအပါအဝင် အခြားသောဥပဒေအများစုကိုလည်း အတည်ပြုလက်မှတ်ရေးထိုးခဲ့ကြောင်း သိရှိရပါသည်။

တရားမစွဲမီဥပဒေအကြံပေးရေးနှင့်တင်ပြချက်များစိစစ်ရေးဌာနခွဲ
တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကား

- https://apnews.com/article/chinese-land-sales-ban-agent-8fe63e09fa4afb89d029a741d9141ecd

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၁၈) ၂၀၂၄ ခုနှစ် မေလ ၁၀ ရက်

## ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေအရ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၏ ရငွေများနှင့် သုံးငွေများဆိုင်ရာ ပြဋ္ဌာန်းချက်များ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၄-၂၀၂၅ဘဏ္ဍာရေးနှစ်ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်၂၂/၂၀၂၄ ဖြင့် ၂၉-၃-၂၀၂၄ ရက်စွဲတွင် ပြဋ္ဌာန်းခဲ့ပါသည်။ ဤဥပဒေသည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ၂၀၂၄ ခုနှစ်၊ ဧပြီလ(၁)ရက်နေ့မှ စတင်အကျိုးသက်ရောက်ကြောင်း ယင်းဥပဒေ၊ ပုဒ်မ၁(ခ)တွင် ပြဋ္ဌာန်းထားပါသည်။

ပုဒ်မ ၂ အရ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်ဖြစ်ပြီး ဆောင်ရွက်၍ရသော ငွေများကို ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေသို့ပေးသွင်း၍ ထုတ်ပေးရန်ရှိသောသုံးငွေများကိုပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်ဟု လည်းကောင်း၊ ပုဒ်မ ၃ (က) အရ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၏ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့်ပုဂ္ဂိုလ်အသီးသီးသည် ဤဥပဒေဇယား(၁)၊ (၂)၊ (၃)၊ (၄) တို့တွင် မိမိတို့နှင့်ယှဉ်တွဲဖော်ပြထားသည့်ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့်သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်ဟုလည်းကောင်း၊ ပုဒ်မ- ၃ (ခ) အရ ပုဒ်မခွဲ ၃ (က) ပါ တာဝန်ခံရသည့်ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသောလုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိလုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်ဟုလည်းကောင်း၊ ပုဒ်မ ၃ (ဂ) အရ ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကိုစီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊အမိန့်များ၊ညွှန်ကြားချက်များ၊လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်ဟုလည်းကောင်း ပြဋ္ဌာန်းထားပါသည်။

ရငွေ/သုံးငွေများစီမံကြီးကြပ်ကောက်ခံသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးဌာနများနှင့်ဦးစီးဌာနများသည် ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသောရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ ရသောငွေများနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့တင်ပြသော ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်လာသောပြောင်းလဲခြင်းများကို အမှန်စာရင်းတွင်ထည့်သွင်းဖော်ပြရမည်ဟု ယင်းဥပဒေပုဒ်မ ၄ (က) တွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲသည့်အသုံးစရိတ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ ပုဒ်မ ၁၁ အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့်သုံးစွဲသည့်အသုံးစရိတ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့တင်ပြသော ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်ဟု ယင်းဥပဒေ ပုဒ်မ ၄(ခ)တွင် ပြဋ္ဌာန်းထားပါသည်။

အရေးပေါ်ရန်ပုံငွေသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ဤဥပဒေဇယား (၄) တွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ယှဉ်တွဲဖော်ပြထားသည့်အရေးပေါ်ရန်ပုံငွေကျခံသုံးစွဲခြင်းကို ပုဒ်မ ၂၆ (က) အရ -

(၁) ကြိုတင်မမျှော်မှန်းနိုင်သည့် ကိစ္စရပ်များနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာသည့် ကိစ္စရပ်များအတွက် အသုံးစရိတ်ဖြစ်ခြင်း၊

(၂) ဘဏ္ဍာရေးနှစ်အတွင်း မသုံးစွဲလျှင်မဖြစ်သည့် အထူးကိစ္စရပ်ဖြစ်ခြင်း၊

(၃) တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများအရ ခေါင်းစဉ်လွှဲပြောင်းကျခံရန်အတွက် ရန်ပုံငွေမရှိခြင်းတို့တွင် ဆောင်ရွက်ခွင့်ရှိကြောင်းဖော်ပြထားပါသည်။

သို့ရာတွင် ပုဒ်မ ၂၆(က)အရ အရေးပေါ်ရန်ပုံငွေမှကျခံသုံးစွဲခြင်းကို ပြည်ထောင်စုအစိုးရအဖွဲ့၏ဆုံးဖြတ်ချက်အရသာ ခွင့်ပြုရမည်ဖြစ်ကြောင်း ယင်းဥပဒေပုဒ်မ ၂၆ (ခ) တွင် သတ်မှတ် ပြဋ္ဌာန်းထားပါသည်။

ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေအခန်း(၂)ပါကိစ္စရပ်များအားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား လုပ်ပိုင်ခွင့်အပ်နှင်းနိုင်ကြောင်း ပုဒ်မ ၁၀ (က) တွင်ပြဋ္ဌာန်းထားပါသည်။

သို့ပါ၍ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြည်ထောင်စုဝန်ကြီးဌာနများနှင့်ဦးစီးဌာနများ၏ရငွေများနှင့်သုံးငွေများဆိုင်ရာကိစ္စရပ်များကို လေ့လာဖတ်ရှုသင့်ပါကြောင်း သိရှိရပါသည်။

ပြည်ထောင်စုအဆင့်အဖွဲ့အစည်းနှင့်အစိုးရဌာန၊
အစိုးရအဖွဲ့အစည်းများအတွက် အမှုလိုက်ဌာနခွဲ
တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

## မြန်မာ - ထိုင်းနယ်စပ် ကုန်သွယ်ရေး (ရန်ကုန်-ကော့သောင်း- ရနောင်း)နှင့် (ရနောင်း -ကော့သောင်း - ရန်ကုန်) ကို ကမ်းရိုးတန်းဆိပ်ကမ်းမှ ကွန်တိန်နာ စနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုခြင်းနှင့် စပ်လျဉ်း၍ သိကောင်းစရာ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနသည် ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးအတွက် နယ်စပ်ကုန်သွယ်မှုတွင် အကန့်အသတ်ဖြင့် ဆောင်ရွက်နေရသည့်အခြေအနေကို ကျော်လွှားနိုင်စေရန် ရည်ရွယ်၍ နယ်စပ်ကုန်သွယ်ရေးနည်းလမ်း(Border Trade Method)အဖြစ် မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်ရေး (ရန်ကုန်-ကော့သောင်း-ရနောင်း) နှင့် (ရနောင်း - ကော့သောင်း - ရန်ကုန်) ကို ကမ်းရိုးတန်းဆိပ်ကမ်းမှ ကွန်တိန်နာစနစ်ဖြင့် ကုန်သွယ်မှုဆောင်ရွက်ခွင့်ပြုသွားမည်ဖြစ်ကြောင်း ကုန်သွယ်ရေးဦးစီးဌာန၏ ပို့ကုန်သွင်းကုန်နှင့် ပတ်သက်သည့်သတင်းလွှာ (၁/၂၀၂၄) ဖြင့် ၁၁-၄-၂၀၂၄ ရက်နေ့က ထုတ်ပြန်ခဲ့ပါသည်။

ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များအနေဖြင့် ပို့ကုန်တင်ပို့ခြင်းကို (ရန်ကုန်- ကော့သောင်း - ရနောင်း)နှင့် သွင်းကုန်တင်သွင်းခြင်းကို(ရနောင်း - ကော့သောင်း - ရန်ကုန်)မှ နယ်စပ်ကုန်သွယ်ရေးနည်းလမ်း (Border Trade Method) ဖြင့်ဆောင်ရွက်ခြင်းကို သက်ဆိုင်ရာဌာနများ၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ စံပြုလုပ်ငန်းစဉ်များအတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရှိရပါသည်။

စံပြုလုပ်ငန်းစဉ်တွင် ပို့ကုန်တင်ပို့ခြင်း၊ သွင်းကုန်တင်သွင်းခြင်းတို့နှင့်စပ်လျဉ်း၍ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် နှင့် သင်္ဘောလိုင်းများသည် (က) ကုန်သွယ်ရေးဦးစီးဌာနက ပို့ကုန်သွင်းကုန်လိုင်စင်ခွင့်ပြုခြင်းကဏ္ဍ၊ (ခ)အကောက်ခွန်ဦးစီးဌာနက အကောက်ခွန်လုပ်ထုံးလုပ်နည်းအရ ကုန်ပစ္စည်းများစိစစ်ခွင့်ပြုမှုကဏ္ဍ၊ (ဂ)နယ်စပ်ကုန်သွယ်မှု စစ်ဆေးကြီးကြပ်ရေး (OSS) အဖွဲ့က ပို့ကုန်တင်ပို့ခြင်း၊ သွင်းကုန်တင်သွင်းခြင်းအတွက် စစ်ဆေးခြင်းကဏ္ဍ၊ (ဃ)မြန်မာဆိပ်ကမ်းအာဏာပိုင်က ဆိပ်ကမ်းဆိုင်ရာကဏ္ဍ၊ (င) လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနက သင်္ဘောသားများစစ်ဆေးခြင်းဆိုင်ရာ

ကဏ္ဍ၊ (စ) ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များက လိုက်နာဆောင်ရွက်ရမည့်ကဏ္ဍ၊ (ဆ) သင်္ဘောလိုင်းများက လိုက်နာဆောင်ရွက်ရမည့်ကဏ္ဍ၊ (ဇ) ခွင့်ပြုဆိပ်ကမ်းမှ တာဝန်ယူလိုက်နာဆောင်ရွက်ရမည့် ကဏ္ဍ စသည့် သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းစဉ်များကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။

သက်ဆိုင်ရာကုမ္ပဏီ၊ ကုန်ပစ္စည်းပိုင်ရှင်၊ ကုန်ပစ္စည်းကိုယ်စားလှယ်များသည် တင်ပို့ခြင်းအတွက် ကုန်ပစ္စည်းများခွင့်ပြုဆိပ်ကမ်းသို့မရောက်မီကာလတွင်လည်းကောင်း၊ တင်သွင်းခြင်းအတွက် ကုန်သေတ္တာသင်္ဘောများ ရန်ကုန်မြို့သို့ မရောက်မီကာလတွင်လည်းကောင်း စာရွက်စာတမ်းအထောက်အထားများအား ကြိုတင်ရယူထားရမည်ဖြစ်ကြောင်း၊ တင်သွင်း/တင်ပို့မှုဆိုင်ရာလုပ်ငန်းစဉ်များသည် သီးခြားဆောင်ရွက်ရသောကိစ္စဖြစ်သဖြင့် MACCS စနစ်ဖြင့် ဆောင်ရွက်နိုင်ခြင်းမရှိ၍ Manual စနစ်ဖြင့်သာ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဆိပ်ကမ်းသို့ ရောက်ရှိပြီး ရက်(၆၀)ကျော် ကုန်သေတ္တာများအား မြန်မာဆိပ်ကမ်းအာဏာပိုင်ဥပဒေ၊ ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းများသည် ၎င်းတို့ပိုင် သင်္ဘောများအတွက် သင်္ဘောကိုယ်စားလှယ်လုပ်ငန်းလုပ်ကိုင်ခွင့်အား ခွင့်ပြုချက်ရရှိထားပြီးဖြစ်၍ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းမှ သင်္ဘောများအားအသုံးပြုမည်ဆိုပါက မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ကိုယ်စားလှယ်လုပ်ငန်းဌာနမှ လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များအား အဆိုပါသင်္ဘောလိုင်း၏ ကိုယ်စားလှယ်လုပ်ငန်းဌာနမှ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သင်္ဘောလိုင်းများသည် ပင်လယ်ကူးသင်္ဘောကမ်းဆင်းခွင့်လက်မှတ်၊ ဆိုက်ရောက်ဗီဇာ၊ သင်္ဘောသားအဖြစ် တက်ခွင့်/ဆင်းခွင့် ( Sign On/Sign Off)များနှင့်စပ်လျဉ်း၍ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနက သတ်မှတ်ထုတ်ပြန်ထားသော စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

(ရန်ကုန်-ကော့သောင်း-ရနောင်း)နှင့် (ရနောင်း-ကော့သောင်း-ရန်ကုန်) နယ်စပ်ကုန်သွယ်ရေးနည်းလမ်းဖြင့်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဌာနများက ထုတ်ပြန်ထားသောသတ်မှတ်စည်းမျဉ်း

စည်းကမ်းများနှင့်အညီဆောင်ရွက်ရမည်ဖြစ်ပြီး စံပြုလုပ်ငန်းစဉ်ကို လိုအပ်ပါက ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

ပြည်ထောင်စုအဆင့်အဖွဲ့အစည်းနှင့်အစိုးရဌာန၊
အစိုးရအဖွဲ့အစည်းများအတွက် အမှုလိုက်ဌာနခွဲ
တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ်: www.commerce.gov.mm

## လူပုဂ္ဂိုလ်ဆိုင်ရာ သတင်းအချက်အလက်များကာကွယ်ပေးရေးအတွက် ဥပဒေမူဘောင်နှင့်စပ်လျဉ်း၍ ဗီယက်နမ်နိုင်ငံ၏ ကနဦးလှုပ်ရှားမှု

ဗီယက်နမ်နိုင်ငံရှိ ပြည်သူ့လုံခြုံမှုဝန်ကြီးဌာနက လူပုဂ္ဂိုလ်ဆိုင်ရာသတင်းအချက်အလက်များ ကာကွယ်ပေးရေးဥပဒေအား ပြဋ္ဌာန်းနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန် ကြေညာခဲ့ပါသည်။

အဆိုပါဥပဒေ၏ရည်ရွယ်ချက်သည် လုံခြုံစိတ်ချရသောစီမံခန့်ခွဲမှု၊ ကွန်ပျူတာလုပ်ငန်းစဉ်နှင့် လူပုဂ္ဂိုလ်ဆိုင်ရာသတင်းအချက်အလက်များအသုံးပြုခြင်းတွင် အာမခံချက်ရှိစေရန်ရည်ရွယ်၍ ခိုင်မာသည့်ဥပဒေမူဘောင်နှင့်စည်းမျဉ်းစည်းကမ်းများဖြစ်လာစေရန် ရည်ရွယ်ပါသည်။

အဆိုပါကြေညာချက်သည် လူပုဂ္ဂိုလ်ဆိုင်ရာသတင်းအချက်အလက်များ ကာကွယ်ပေးခြင်းအား မြှင့်တင်နိုင်ရန် ဗီယက်နမ်နိုင်ငံ၏ကြိုးပမ်းအားထုတ်မှုကိုသိသာထင်ရှားစွာ မီးမောင်းထိုးပြခဲ့ပါသည်။ လူပုဂ္ဂိုလ်ဆိုင်ရာသတင်းအချက်အလက်များကာကွယ်ပေးရေးဥပဒေအသစ် (မူကြမ်း)အား ထုတ်ပြန်ခြင်းမပြုသေးမီ အစိုးရက လူပုဂ္ဂိုလ်ဆိုင်ရာသတင်းအချက်အလက် အကာအကွယ်ပေးခြင်းနှင့် လူပုဂ္ဂိုလ်ဆိုင်ရာ သတင်းအချက်အလက်များကာကွယ်ပေးရေးဥပဒေနှင့်အညီ အဆိုပြုထားသည့် အကဲဖြတ်ဆန်းစစ်ချက်နှင့်စပ်လျဉ်းသော လက်ရှိလူမှုရေးဆိုင်ရာပြောင်းလဲမှုများပါဝင်သည့်အစီရင်ခံစာကိုထုတ်ပြန်ခဲ့ပါသည်။ အဆိုပါအစီရင်ခံစာတွင် လူပုဂ္ဂိုလ်ဆိုင်ရာသတင်းအချက်အလက်အားအဓိပ္ပါယ်ဖွင့်ဆိုခြင်း၊ သတင်းအချက်အလက်ဆိုင်ရာအခွင့်အရေးများထုတ်ဖော်ခြင်းနှင့်သတင်းအချက်အလက်များကာကွယ်ပေးရေးအတွက်ဆောင်ရွက်မည့်နည်းလမ်းများ ဖော်ဆောင်ခြင်းစသည့် ဥပဒေပြုရေးဆိုင်ရာအဓိကပြဿနာများကို ဖော်ပြထားပါသည်။ ယင်းအချက်များနှင့်စပ်လျဉ်း၍ ကဏ္ဍအသီးသီးမှ သတင်းအချက်အလက်များရယူပြီး အများပြည်သူဆိုင်ရာအကြံပြုချက်များ ရယူခဲ့ပါသည်။

လူပုဂ္ဂိုလ်ဆိုင်ရာ သတင်းအချက်အလက်များကာကွယ်ပေးရေးဥပဒေသည် တည်ဆဲစည်းမျဉ်းစည်းကမ်းများဖြစ်သည့် လူပုဂ္ဂိုလ်ဆိုင်ရာ အချက်အလက်များကာကွယ်ပေးရေး အမိန့် (Vietnam Personal Data Protection Decree (PDPD))နှင့် အခြားသက်ဆိုင်သည့် ဥပဒေများအကြားဖြစ်ပေါ်လာသည့်ကွဲလွဲမှုများကို လွှမ်းမိုးဖြေရှင်းပေးနိုင်မည်ဖြစ်ပါသည်။

ဗီယမ်နမ်နိုင်ငံတွင် နိုင်ငံသားတိုင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါကိုယ်ရေးအချက်အလက်ဆိုင်ရာအခွင့်အရေးများနှင့် လူပုဂ္ဂိုလ်ဆိုင်ရာလျှို့ဝှက်ချက်များကာကွယ်ခြင်းကို ခံစားခွင့်ရှိကြသည်ဖြစ်ရာ လူပုဂ္ဂိုလ်ဆိုင်ရာ သတင်းအချက်အလက်များကာကွယ်ပေးရေးအတွက် လိုက်နာရမည့်စည်းမျဉ်းစည်းကမ်းများကို တရားမကျင့်ထုံး(၂၀၁၅)၊ ဆိုက်ဘာသတင်းအချက်အလက်လုံခြုံမှုဆိုင်ရာဥပဒေ (အမှတ်၈၅/၂၀၁၅)နှင့် သီးခြားအခန်းကဏ္ဍအလိုက် ပြဋ္ဌာန်းသည့်ဥပဒေများကဲ့သို့သော ဥပဒေများတွင်တွေ့ရှိရပြီး အဆိုပါဥပဒေပြဋ္ဌာန်းချက်များသည် လူပုဂ္ဂိုလ်ဆိုင်ရာသတင်းအချက်အလက်များကာကွယ်သည့်ဥပဒေမူဘောင်ကိုဖော်ဆောင်ရာတွင် အခန်းကဏ္ဍတစ်ရပ်အဖြစ်ပါဝင်ခဲ့ကြပါသည်။

၂၀၂၃ ခုနှစ်၊ ဧပြီလတွင် လူပုဂ္ဂိုလ်ဆိုင်ရာ အချက်အလက်များကာကွယ်ပေးရေးအမိန့်ကို ထုတ်ပြန်ခဲ့ပြီး အဆိုပါအမိန့်သည် ဗီယက်နမ်နိုင်ငံ၏လူပုဂ္ဂိုလ်ဆိုင်ရာအချက်အလက်များ ကာကွယ်ရေးအတွက် အရေးပါသော တိုးတက်မှုဖြစ်စဉ်တစ်ခုဖြစ်ပြီး ယခင်ဥပဒေများပါ ပြန့်ကျဲနေသော စည်းမျဉ်းစည်းကမ်းများကို တစ်စုတစ်စည်းတည်းစုပေါင်းကာ ပိုမိုကောင်းမွန်သော ပြဋ္ဌာန်းချက်တစ်ရပ်ဖြစ်စေခဲ့ပါသည်။ လူပုဂ္ဂိုလ်ဆိုင်ရာအချက်အလက်များကာကွယ်ပေးရေးအမိန့်သည် ၁-၇-၂၀၂၃ ရက်နေ့တွင် စတင်အသက်ဝင်ခဲ့ပြီး စီးပွားရေးလုပ်ငန်းများနှင့်အဖွဲ့အစည်းများအတွက် လိုအပ်သော တင်းကျပ်မှုများကို ချမှတ်ဆောင်ရွက်ခဲ့ပါသည်။

အဆိုပါအမိန့်တွင် အခြေခံလူပုဂ္ဂိုလ်ဆိုင်ရာသတင်းအချက်၊ ထိလွယ်ရှလွယ်ဖြစ်သော လူပုဂ္ဂိုလ်ဆိုင်ရာ သတင်းအချက်အလက်ထုတ်ပြန်မှုလုပ်ငန်းစဉ်နှင့် သတင်းအချက်အလက် ထိန်းချုပ်သူတို့၏ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို ထည့်သွင်းဖော်ပြထားပြီး ဥပဒေအရတရားဝင်မှု၊ ပွင့်လင်းမြင်သာရှိမှု၊ ကန့်သတ်ရသည့်ရည်ရွယ်ချက်၊ သတင်းအချက်အလက်လျှော့ချခြင်း၊ တိကျမှန်ကန်ခြင်း၊ တည်တံ့ခိုင်မာမှု၊ လျှို့ဝှက်ထိန်းသိမ်းခြင်းနှင့် တာဝန်ခံခြင်းကဲ့သို့သော သတင်းအချက်အလက်ကာကွယ်ပေးခြင်းဆိုင်ရာအခြေခံမူသဘောတရားများကိုလည်း ပြဋ္ဌာန်းထားပါသည်။

ထို့ပြင် ယင်းအမိန့်တွင် သတင်းအချက်အလက်ဆိုင်ရာညွှန်ကြားချက်များ၊ သဘောတူညီချက်နှင့် အခွင့်အရေးများ၏အရေးပါပုံကို အဓိကဖော်ပြထားပါသည်။ သတင်းအချက်အလက်များစုစည်း

ရရှိမှု၊ အသုံးပြုမှုတို့နှင့်စပ်လျဉ်း၍ အတိအလင်း သဘောတူညီချက်ရရှိထားပြီးဖြစ်ရပါမည်။ သတင်းအချက်အလက်ချိုးဖောက်ခြင်း သို့မဟုတ် လူပုဂ္ဂိုလ်ဆိုင်ရာအချက်အလက်များ ကာကွယ်ပေးရေးအမိန့်ကို ဖောက်ဖျက်မှုကျူးလွန်ပါက သက်ဆိုင်ရာအဖွဲ့အစည်းများမှ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန (Ministry of Public Security) သို့ ၇၂ နာရီအတွင်းတင်ပြရန်နှင့် အဆိုပါဖြစ်ရပ်ကြောင့် ဖြစ်ပေါ်လာမည့်ကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်ရန် သင့်လျော်သော ဆောင်ရွက်မှုများကို ဆောင်ရွက်ထားရမည်ဖြစ်ပါသည်။ ထို့ပြင် အဖွဲ့အစည်းများအနေဖြင့် သတင်းအချက်လုပ်ငန်းစဉ်များအပေါ် ပုံမှန်စောင့်ကြည့်လေ့လာခြင်း နှင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို လိုအပ်သလို ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။လူပုဂ္ဂိုလ်ဆိုင်ရာအချက်အလက်များကာကွယ်ပေးရေးအမိန့်ကို မလိုက်နာပါက လုပ်ငန်းဆောင်ရွက်ချက်များကို ရပ်ဆိုင်းခြင်း၊ ဗီယက်နမ်နိုင်ငံရှိ သတင်းအချက်ကာကွယ်ပေးရေး စည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်း၏အရေးပါမှုတို့ကို အလေးထားဆောင်ရွက်စေခြင်းဖြင့် စီမံခန့်ခွဲရေးဆိုင်ရာနည်းလမ်း သို့မဟုတ် ပြစ်မှုကြောင်းအရ အရေးယူနိုင်ပါသည်။

ဗီယက်နမ်နိုင်ငံ၏ PDP ဥပဒေနှင့် စပ်လျဉ်းသောကြေညာချက်သည် ဒစ်ဂျစ်တယ်ခေတ်တွင် ကိုယ်ရေးကိုယ်တာအချက်အလက်များကို လုံခြုံစေရန်နှင့် ကိုယ်ရေးကိုယ်တာ အခွင့်အရေးများကို မြှင့်တင်ရန် နိုင်ငံ၏အရေးကြီးသော ခြေလှမ်းတစ်ရပ်ဖြစ်ပါသည်။

ဤဥပဒေပြဋ္ဌာန်းနိုင်ခြင်းဖြင့် ဗီယက်နမ်၏အချက်အလက်ကာကွယ်ရေးဆိုင်ရာ စိန်ခေါ်မှုများကိုကိုင်တွယ်ဖြေရှင်းရန် တက်ကြွသောချဉ်းကပ်မှုကိုထင်ဟပ်စေပြီး အချက်အလက်စီမံခန့်ခွဲခြင်းဆိုင်ရာအလေ့အကျင့်များ၏ ယုံကြည်မှုကို တိုးပွားစေမည်ဖြစ်ကြောင်းသိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

Source: Vietnam's Legal Framework for Personal Data Protection Initiated (aseanbriefing.com)

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

